# မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား

# လျှပ်စစ်နည်းဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | | |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၃ | အခန်း(၂) ကော်မတီအစည်းအဝေးကျင်းပခြင်း | ၂ | - |
| ၄ | အခန်း(၃) ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း | ၂ | ၄ |
| ၅ | အခန်း(၄) ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ | ၄ | ၅ |
| ၆ | အခန်း(၅) အထွေထွေ | ၅ | ၆ |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်နည်းဥပဒေ

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၅)

## ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

## (၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအလတ်စားနှင့် အသေးစား လျှပ်စစ် ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား လျှပ်စစ်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် မန္တလေးတိုင်းဒေသကြီး အလတ်စား နှင့်အသေးစား လျှပ်စစ်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ် ဥပဒေကိုဆိုသည်၊

(ခ) **အတွင်းရေးမှူး** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရာထူးနှင့် တူညီသော မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အရာရှိကိုဆိုသည်၊

(ဂ) **မလွန်ဆန်နိုင်သောဖြစ်ရပ်** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ် ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် ထိုက်သင့်သော သတိဝီရိယဖြင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူ ဖြစ်ရပ်များကိုဆိုသည်၊

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော ပုံစံကို ဆိုသည်။

## အခန်း (၂)

## ကော်မတီအစည်းအဝေးကျင်းပခြင်း

၃။ ကော်မတီအစည်းအဝေးများကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

၄။ ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အတွင်းရေးမှူးမတက်ရောက်နိုင်သည့်အခါ အဖွဲ့ဝင်တစ်ဦးဦးက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅။ အစည်းအဝေးသို့ ကော်မတီဝင်ကိုယ်တိုင် တက်ရောက်ရမည်။ ကော်မတီဝင် ၅၀ ရာခိုင်နှုန်း အထက် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ပထမအကြိမ်တွင် ၅၀ ရာခိုင်နှုန်း မပြည့်လျှင် အစည်းအဝေး အထမမြောက်၍ ဒုတိယအကြိမ်ခေါ်သည့် အစည်းအဝေးတွင် ၅၀ ရာခိုင်နှုန်းမပြည့်ခဲ့သော်လည်း အစည်းအဝေး အထမြောက်သည်။

၆။ ကော်မတီသည် အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင်အများစု၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။

၇။ အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင်အများစု၏ ဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိသည့် ကော်မတီဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ ဆောင်ရွက်ခွင့်မရှိစေရ။

၈။ မူဝါဒဆိုင်ရာကိစ္စရပ်များနှင့် အရေးကြီးကိစ္စရပ်များတွင် ဥက္ကဋ္ဌပါဝင်သော အစည်းအဝေးတွင်သာ တင်ပြဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရမည်။

၉။ နည်းဥပဒေ ၆ အရ ချမှတ်သည့် ဆုံးဖြတ်ချက်များကို ကော်မတီဝင် အားလုံးသို့ ဖြန့်ဝေရမည်။

## အခန်း (၃)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း

၁၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခု လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် အစိုးရအဖွဲ့သို့ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် ပုံစံ (၁)ဖြင့် လျှောက်ထားရမည်။

၁၁။ အစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ (၁) လက်ခံရရှိသည့်အခါ

မှတ်ပုံတင်စာအုပ် ပုံစံ (၂)တွင် ရေးသွင်းပြီး အမှုတွဲဖွင့်ရမည်၊

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲကို စိစစ်တင်ပြစေရန် ကော်မတီသို့ ပေးပို့ရမည်။

၁၂။ ကော်မတီသည် နည်းဥပဒေ ၁၁ (ခ)အရ တာဝန်ပေးအပ်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာအမှုတွဲကို လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ /မရှိ၊ ပူးတွဲတင်ပြရမည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ခ) လိုအပ်ပါက လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလျှောက်ထားသူအား စစ်ဆေးနိုင်သည်၊

(ဂ) လျှောက်ထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုလုပ်ကိုင်ရန် ဘဏ္ဍာငွေ တောင့်တင်းခိုင်မာမှု ရှိ မရှိ၊ နည်းပညာကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ ရှိ မရှိ စိစစ်ရမည်၊

(ဃ) အထက်အပိုဒ်ခွဲ (က) (ခ) (ဂ)တို့အရ လိုအပ်သလိုစိစစ်၍ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသင့်ကြောင်း သို့မဟုတ် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ အစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲပါ အချက်အလက်များနှင့် ကော်မတီ၏ သဘောထားမှတ်ချက်တို့ကို ထပ်မံစိစစ်ပြီး သက်ဆိုင်ရာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ နည်းဥပဒေ ၁၃ အရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုရာတွင် ခွင့်ပြုကြောင်းကို ပုံစံ (၃)ဖြင့် လည်းကောင်း၊ ငြင်းပယ်ကြောင်းကို ပုံစံ (၄)ဖြင့်လည်းကောင်း သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၅။ လျှောက်ထားချက်ကို ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းကို ဖော်ပြ၍ လျှောက်ထားသူထံ ပြန်ကြားရမည်။

၁၆။ လျှောက်ထားချက်ကိုခွင့်ပြုပါက လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းကို လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ သတ်မှတ်ပေးရမည်။

၁၇။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများကို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများ မှတ်ပုံတင် စာရင်းပုံစံ (၅)တွင် ဖြည့်သွင်းမှတ်ပုံတင်ထားရှိရမည်။

၁၈။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ငြင်းပယ်ခံရသူများကို လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကို ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်းပုံစံ(၆)တွင် ဖြည့်သွင်း မှတ်ပုံတင်ထားရှိရမည်။

၁၉။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါလုပ်ငန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ လုပ်ငန်းရပ်ဆိုင်းခြင်း ပြုလုပ်လိုပါက ပုံစံ (၇)ဖြင့် အစိုးရအဖွဲ့သို့ လျှောက်ထားရ မည်။

၂၀။ အစိုးရအဖွဲ့သည် နည်းဥပဒေ ၁၉ အရ လျှောက်ထားချက်ကို ခွင့်ပြုရန် သင့် မသင့် ကော်မတီအား စိစစ်တင်ပြစေပြီး လွှဲပြောင်းခွင့်၊ ရပ်ဆိုင်းခွင့်၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ နည်းဥပဒေ ၁၉ အရ လျှောက်ထားချက်ကိုခွင့်ပြုပါက ခွင့်ပြုကြောင်းကို ပုံစံ (၈)ဖြင့် လည်းကောင်း၊ ငြင်းပယ်ပါက ငြင်းပယ်ကြောင်းကို ပုံစံ (၉)ဖြင့် လည်းကောင်း သက်ဆိုင်ရာ လျှောက်ထားသူအား အကြောင်းကြားရမည်။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် လုပ်ကိုင်ခွင့် သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ပုံစံ(၁၀)ဖြင့် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၂၃။ အစိုးရအဖွဲ့သည် နည်းဥပဒေ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုပါက ခွင့်ပြုကြောင်းကို ပုံစံ (၁၁)ဖြင့် လည်းကောင်း၊ ငြင်းပယ်ပါက ငြင်းပယ်ကြောင်းကို ပုံစံ (၁၂)ဖြင့်လည်းကောင်း သက်ဆိုင်ရာ လျှောက်ထားသူအား အကြောင်းကြားရမည်။ သက်တမ်းတိုးပေးခြင်းကို ပုံစံ (၁၃)ဖြင့် မှတ်ပုံတင်ထားရမည်။

၂၄။ နည်းဥပဒေ ၁၃ အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို အကျိုးအကြောင်း ခိုင်လုံပါက ရပ်သိမ်းခြင်းပြုနိုင်သည်။ ရပ်သိမ်းခြင်းပြုပါက ရပ်သိမ်းရသည့် အကြောင်းရင်းကို ဖော်ပြ၍ ခွင့်ပြုမိန့်ရရှိသူထံ ပုံစံ(၁၄)ဖြင့် အကြောင်းကြားရမည်။

## အခန်း (၄)

## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) နည်းဥပဒေ ၁၃ အရ ထုတ်ပေးသော ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း ခွင့်ပြုမိန့်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ အစီအစဉ်ရေးဆွဲပြီး ကော်မတီသို့တင်ပြရမည်၊

(ခ) နည်းဥပဒေ ၂၅(က)အရ ကော်မတီသို့တင်ပြထားသည့် လုပ်ငန်း အစီအစဉ်နှင့်အညီ ခွင့်ပြုမိန့်ပါ လုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်၊

(ဂ) ခွင့်ပြုမိန့်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အကျိုးအကြောင်းဖော်ပြ၍ စတင်အကောင်အထည်ဖော်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်၊

(ဃ) နည်းဥပဒေ ၁၃ အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့် နေ့အထိ ခွင့်ပြုမိန့်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် အစိုးရအဖွဲ့က ရက်တိုးမြှင့်သတ်မှတ်ပေးခြင်းမရှိပါက ထုတ်ပေးထားသည့် ခွင့်ပြုမိန့်သည် ပျယ်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအခကြေးငွေများကို ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ ပေးသွင်းရမည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်အတွက် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေးသွင်းရမည့် အခကြေးငွေ၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်အတွက် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေးသွင်းရမည့် အခကြေးငွေ။

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) နည်းပညာပိုင်းဆိုင်ရာစံချိန်စံညွှန်းများကို တည်ဆဲလျှပ်စစ်ဥပဒေ နှင့် လျှပ်စစ်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ခ) တည်ဆဲလျှပ်စစ်ဥပဒေနှင့် လျှပ်စစ်ဥပဒေဆိုင်ရာ နည်းဥပဒေများအရ စစ်ဆေးခြင်းကို ခံယူရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဃ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် အစဉ်ကြိုးစားဆောင်ရွက်နေရမည်။

## အခန်း (၅)

## အထွေထွေ

၂၈။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်အတွက် အခကြေးငွေနှင့် အာမခံငွေ တို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၂၉။ ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

၃၀။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှ ပိုလျှံသောဓာတ်အားများကို နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ချိတ်ဆက် ရောင်းချနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် တိုင်းဒေသကြီး အစိုးရမှ ဆောင်ရွက်ပေးရမည်။

အမိန့်အရ

လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့

ပုံစံ(၁)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ

## (နည်းဥပဒေ ၁၀)

သို့

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးမြို့။

ရက်စွဲ ----------------------

အကြောင်းအရာ။ **မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဥပဒေအရ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း။**

မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဥပဒေနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း အောက်ပါလျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည် -

(၁) လျှောက်ထားသူ၏ အမည်၊ ------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊------------------

---------------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း ---------------------------------------------------------------------

---------------------------------------------------------------------------

(ခ) ပြည်ပ -----------------------------------------------------------------------

---------------------------------------------------------------------------

(၄) လျှောက်ထားသည့်ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်--------------------------------------

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

(၅) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ -------------------------------------------------------

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

(၆) လုပ်ကိုင်လိုသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအမျိုးအစား ------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

(၇) လုပ်ငန်းအတွက်မတည်ငွေရင်းပမာဏ ----------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

(၈) လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ -----------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

(၉) လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ/ဧရိယာအကျယ်အဝန်း ------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

(၁၀) လုပ်ငန်းဆောင်ရွက်လိုသည့် နှစ်ကာလအပိုင်းအခြား -------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

(၁၁) လုပ်ငန်းတည်ဆောက်မှုကာလ -----------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

မှတ်ချက်။ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ခ ) လုပ်ငန်းတည်ဆောက်မည့်မြေပုံ၊

(ဂ ) ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများမိတ္တူ၊

(ဃ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာ

(င ) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ

လက်မှတ် -------------------------

အမည် -------------------------

ကုမ္ပဏီ -------------------------

ပုံစံ(၂)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာမှတ်ပုံတင်စာရင်း**

**(နည်းဥပဒေ ၁၁-က)**

| အမှတ်စဉ် | လျှောက်ထားသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | | | | | | လျှောက်ထားသည့် လုပ်ငန်းအမျိုးအစား | စည်းကမ်းချက်နှင့်ညီညွတ်သဖြင့် ထောက်ခံတင်ပြသည် | စည်းကမ်းချက်နှင့်မညီညွတ်သဖြင့် ငြင်းပယ်ရန်တင်ပြသည် |
|---|---|---|---|---|---|---|---|---|---|---|
| | အမည် | အဖအမည် | နိုင်ငံသား | နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် | နိုင်ငံကူးလက်မှတ်အမှတ် | ကုမ္ပဏီမှတ်ပုံတင်အမှတ် | လိပ်စာ | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ပုံစံ(၃)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်**

**(နည်းဥပဒေ ၁၄)**

ခွင့်ပြုမိန့်အမှတ် ---------------------

အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်/အဖွဲ့အစည်းအား မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)အရ ဤလျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ခွင့်ပြုမိန့်ရရှိသည့်ပုဂ္ဂိုလ်

(က) အမည်၊ ----------------------------------------------------------------------------

(ခ ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ ------------------------------------------------

---------------------------------------------------------------------------------------

နိုင်ငံကူးလက်မှတ်အမှတ်၊ ------------------------------------------------------

---------------------------------------------------------------------------------------

(ဂ ) နေရပ်လိပ်စာ

(ကက) ပြည်တွင်း ------------------------------------------------------

---------------------------------------------------------------

---------------------------------------------------------------

(ခခ) ပြည်ပ ------------------------------------------------------

---------------------------------------------------------------

---------------------------------------------------------------

(ဃ) ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်နှင့် လိပ်စာ ---------------------------------------

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

(၂) ခွင့်ပြုမိန့်အရနယ်မြေသတ်မှတ်ချက်

(က) တည်နေရာ ------------------------------------------------------------------------

------------------------------------------------------------------------------------

(ခ ) ဧရိယာအကျယ်အဝန်း -------------------------------------------------------------

------------------------------------------------------------------------------------

(ဂ ) သတ်မှတ်နယ်မြေ ---------------------------------------------------------------

------------------------------------------------------------------------------------

(၃) လုပ်ကိုင်ခွင့်ပြုသည့်လုပ်ငန်းအမျိုးအစား ----------------------------------------------

------------------------------------------------------------------------------------

(၄) လုပ်ကိုင်ခွင့်ပြုသည့်ကာလ ---------------------------------------------------------

------------------------------------------------------------------------------------

(၅) ခွင့်ပြုသည့်ရက်စွဲ -------------------------------------------------------------

------------------------------------------------------------------------------------

(၆) သက်တမ်းကုန်ဆုံးသည့်ရက်စွဲ -------------------------------------------------------

------------------------------------------------------------------------------------

(၇) စည်းကမ်းချက်များ-

(က) ခွင့်ပြုမိန့်ပါဧရိယာအတွင်းသာလုပ်ကိုင်ခွင့်ရှိသည်။

(ခ) ခွင့်ပြုမိန့်ပါကာလအတွင်းသာလုပ်ကိုင်ခွင့်ရှိသည်။

(ဂ) ခွင့်ပြုမိန့်ပါလုပ်ငန်းအမျိုးအစားကိုသာ လုပ်ကိုင်ရမည်။

(ဃ) တည်ဆဲဥပဒေများအရ စစ်ဆေးခြင်းကိုခံယူရမည်။

(င) သတ်မှတ်ထားသည့်ကာလအတွင်းလုပ်ငန်း လုပ်ကိုင်ခြင်း မပြုပါက ခွင့်ပြုမိန့်သည် ပျက်ပြယ်စေရမည်။

(စ) ခွင့်ပြုသည့်လုပ်ငန်းကို အစိုးရအဖွဲ့၏ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ မပြုလုပ်ရ။

(ဆ) လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံး၍ လုပ်ငန်းဆက်လက် လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

(ဓ) တည်ဆဲဥပဒေများနှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် -----------------------------

ရက်စွဲ -----------------------------

ပုံစံ(၄)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်ကို**
**ငြင်းပယ်ကြောင်းအကြောင်းကြားစာ**

**(နည်းဥပဒေ ၁၄၊ ၁၅)**

အောက်ပါလျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားသူ၏ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လိုက်သည်-

(၁) လျှောက်ထားသူ၏ အမည်၊ ------------------------------------------------------------
------------------------------------------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊ ------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------

(၃) ကုမ္ပဏီအမည်/မှတ်ပုံတင်အမှတ် -------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------

(၄) လိပ်စာ --------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------

(၅) လျှောက်ထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ---------------------------------------------
------------------------------------------------------------------------------------------------

(၆) ငြင်းပယ်ရသည့်အကြောင်းရင်း ---------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------

ပုံစံ(၅)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများမှတ်ပုံတင်စာရင်း**

**(နည်းဥပဒေ ၁၇)**

| အမှတ်စဉ် | လျှောက်ထားသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | | | | | | ခွင့်ပြုသည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းအမျိုးအစား | ခွင့်ပြုမိန့်အတွက် ပေးသွင်းသည့် အခကြေးငွေနှင့် ပေးသွင်းသည့် ရက်စွဲ | ခွင့်ပြုသည့် စာအမှတ်နှင့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|
| | အမည် | အဖအမည် | နိုင်ငံသား | နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ် | နိုင်ငံကူး လက်မှတ် အမှတ် | ကုမ္ပဏီ မှတ်ပုံတင် အမှတ် | လိပ်စာ | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ပုံစံ(၆)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကို ငြင်းပယ်ခံရသူများမှတ်ပုံတင်စာရင်း**

**(နည်းဥပဒေ ၁၈)**

| အမှတ်စဉ် | လျှောက်ထားသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | | | | | | ငြင်းပယ်သည့်လုပ်ငန်း | ငြင်းပယ်သည့်အကြောင်းအရင်း | အကြောင်းကြားသည့်စာအမှတ်ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|
| | အမည် | အဖအမည် | နိုင်ငံသား | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နိုင်ငံကူးလက်မှတ်အမှတ် | ကုမ္ပဏီမှတ်ပုံတင်အမှတ် | လိပ်စာ | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ပုံစံ(၇)

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်လွှဲပြောင်းခွင့်/ရပ်ဆိုင်းခွင့်ပြုရန် လျှောက်လွှာ**

**(နည်းဥပဒေ ၁၉)**

သို့

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးမြို့။

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ **လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့် လွှဲပြောင်းခွင့်/ရပ်ဆိုင်းခွင့် ပြုပါရန် လျှောက် ထားခြင်း**

ခွင့်ပြုမိန့်အမှတ်စဉ် ----------------------------ဖြင့် လျှောက်ထားသူအား လုပ်ကိုင်ခွင့်ပြုထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လွှဲပြောင်း/ရပ်ဆိုင်းခွင့် ပြုပါရန် လျှောက်ထားအပ်ပါသည် -

(၁) လျှောက်ထားသူ၏ အမည်၊ ----------------------------------------------------------

----------------------------------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊ ----------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း ----------------------------------------------------------------

----------------------------------------------------------------------------

(ခ) ပြည်ပ ----------------------------------------------------------------------

----------------------------------------------------------------------------

(၄) လျှောက်ထားသည့်ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ် -------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

(၅) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(၆) လုပ်ကိုင်လိုသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအမျိုးအစား ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(၇) မတည်ငွေရင်းပမာဏ ----------------------------------------
----------------------------------------
----------------------------------------

(၈) လုပ်ငန်းလုပ်ကိုင်နေသည့်နေရာဒေသ/ဧရိယာအကျယ်အဝန်း ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(၉) ခွင့်ပြုထားသည့်လုပ်ကိုင်ခွင့်သက်တမ်း ----------------------------------------
----------------------------------------
----------------------------------------

(၁၀) လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးသည့်နေ့ရက် ----------------------------------------
----------------------------------------
----------------------------------------

(၁၁) လွှဲပြောင်း/ရပ်ဆိုင်းလိုသည့်အကြောင်းရင်း ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(၁၂) ခွင့်ပြုမိန့်ကိုလွှဲပြောင်း/ ရပ်ဆိုင်းရယူမည့်သူအမည်၊ နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် ------------------------------------------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

-----------------------------------------------------------------------------------

(၁၃) နေရပ်လိပ်စာ ------------------------------------------------------------------------

---------------------------------------------------------------------------------------------

(က) ပြည်တွင်း -----------------------------------------------------------------------

--------------------------------------------------------------------------------------

------------------------------------------------------------------------------------

(ခ) ပြည်ပ --------------------------------------------------------------------------

--------------------------------------------------------------------------------------

--------------------------------------------------------------------------------------

(၁၄) ခွင့်ပြုမိန့်ကိုလွှဲပြောင်းရယူမည့်ကုမ္ပဏီအမည်/ မှတ်ပုံတင်အမှတ် ---------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

(၁၅) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ -----------------------------------------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

လက်မှတ် --------------------------

အမည် -------------------------

ကုမ္ပဏီ --------------------------

ပုံစံ(၈)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကိုလွှဲပြောင်း/ရပ်ဆိုင်းရန် ခွင့်ပြုမိန့်

## (နည်းဥပဒေ ၂၁)

ခွင့်ပြုမိန့်အမှတ်စဉ် ------------------------------------ ဖြင့် ဦး/ဒေါ်--------------------
----------- ကုမ္ပဏီအဖွဲ့အစည်း ------------------------------------------------------------
အားခွင့်ပြုထားသည့် အောက်ပါလျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဦး/ဒေါ်/ကုမ္ပဏီအဖွဲ့အစည်း ----------
-----------------------------------အား လွှဲပြောင်း/ရပ်ဆိုင်းလုပ်ကိုင်ခွင့် ပြုလိုက်သည် -

(၁) လုပ်ကိုင်/ရပ်ဆိုင်းခွင့်ပြုသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ------------------------------------
--------------------------------------------------------------------------------------------
--------------------------------------------------------------------------------------------

(၂) လုပ်ကိုင်/ရပ်ဆိုင်းခွင့်ပြုသည့် လုပ်ငန်းတည်နေရာ၊ ဧရိယာ အကျယ်အဝန်း ----------------
--------------------------------------------------------------------------------------------
--------------------------------------------------------------------------------------------
--------------------------------------------------------------------------------------------

(၃) မူလလုပ်ကိုင်ခွင့်ပြုထားသည့်ကာလ ---------------------------------------------------
--------------------------------------------------------------------------------------------
--------------------------------------------------------------------------------------------

(၄) ခွင့်ပြုသည့်ရက်စွဲ ----------------------------------------------------------------------
--------------------------------------------------------------------------------------------

(၅) သက်တမ်းကုန်ဆုံးသည့်ရက်စွဲ --------------------------------------------------------
--------------------------------------------------------------------------------------------

(၆) စည်းကမ်းချက်များ -

(က) မူလခွင့်ပြုမိန့်ပါစည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများကို လိုက်နာရမည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------

ပုံစံ(၉)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကို လွှဲပြောင်း/ရပ်ဆိုင်းခွင့်ပြုရန်**

**လျှောက်ထားချက်ကိုငြင်းပယ်ကြောင်းအကြောင်းကြားစာ**

**(နည်းဥပဒေ ၂၁)**

လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ကို လွှဲပြောင်း/ရပ်ဆိုင်းခွင့်ပြုပါရန် အောက်ဖော်ပြပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကိုငြင်းပယ်လိုက်သည်-

(၁) လျှောက်ထားသူ၏အမည်၊ ------------------------------------------------------------------

------------------------------------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ် အမှတ် ------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း -----------------------------------------------------------------------

------------------------------------------------------------------------------------

(ခ) ပြည်ပ --------------------------------------------------------------------------

------------------------------------------------------------------------------------

(၄) လျှောက်ထားသည့်ကုမ္ပဏီအမည်နှင့်မှတ်ပုံတင်အမှတ်-------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

(၅) ငြင်းပယ်ရသည့်အကြောင်းအရင်း------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------

ပုံစံ(၁၁)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးပေးရန်လျှောက်လွှာ

## (နည်းဥပဒေ ၂၂)

သို့

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးမြို့။

ရက်စွဲ၊---------------------

အကြောင်းအရာ။ ။ **လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားခြင်း။**

ခွင့်ပြုမိန့်အမှတ်စဉ်-------------------------------------------ဖြင့် လုပ်ကိုင်ခွင့်ပြုထားသည့် အောက်ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါသဖြင့် လုပ်ကိုင်ခွင့်သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်-

(၁) လျှောက်ထားသူ၏အမည်၊ ------------------------------------------------------------------------------------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊ ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

(ခ) ပြည်ပ-------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

(၄) လျှောက်ထားသည့်ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်----------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

(၅) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

(၆) မူလခွင့်ပြုထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအမျိုးအစား-----------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------

(၇) မတည်ငွေရင်းပမာဏ-------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

(၈) လုပ်ငန်းလုပ်ကိုင်နေသည့်နေရာဒေသ/ဧရိယာအကျယ်အဝန်း--------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

(၉) မူလခွင့်ပြုထားသည့်လုပ်ကိုင်ခွင့်သက်တမ်း------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

---------------------------------------------------------------------------------------

(၁၀) လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးသည့်နေ့ရက်----------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

မှတ်ချက်။ ဆောင်ရွက်ခဲ့ပြီးလုပ်ငန်းနှင့် စပ်လျဉ်း၍ တွေ့ရှိချက်နှင့် သုံးသပ်ချက်များပါရှိသည့် လုပ်ငန်းဆိုင်ရာအစီရင်ခံစာပူးတွဲတင်ပြရမည်။

လျှောက်ထားသူ၏လက်မှတ် -------------------------

အမည် -------------------------

ကုမ္ပဏီ -------------------------

ပုံစံ(၁၁)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို**

**ခွင့်ပြုကြောင်းအကြောင်းကြားစာ**

**(နည်းဥပဒေ ၂၃)**

ခွင့်ပြုချိန်အမှတ်စဉ် --------------------------

အစိုးရအဖွဲ့သည် ခွင့်ပြုမိန့်အမှတ်စဉ် -------------------------------------------အရ အောက်ပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား လုပ်ကိုင်ခွင့်ပြုထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ ဆက်လက်လုပ်ကိုင်ရန် လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ပေးလိုက်သည် -

(၁) ခွင့်ပြုမိန့်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ --------------------------------------------
---------------------------------------------------------------------------------------
---------------------------------------------------------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊ ------------------
---------------------------------------------------------------------------------------
---------------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း -----------------------------------------------------------------
---------------------------------------------------------------------------------
---------------------------------------------------------------------------------

(ခ ) ပြည်ပ ----------------------------------------------------------------------
---------------------------------------------------------------------------------
---------------------------------------------------------------------------------

(၄) အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ --------------------------------------------
---------------------------------------------------------------------------------------
---------------------------------------------------------------------------------------

(၅) လုပ်ကိုင်ခွင့်ပြုသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအမျိုးအစား ----------------------------------
-----------------------------------------------------------------------------------------
-----------------------------------------------------------------------------------------

(၆) သက်တမ်းတိုးမြှင့် လုပ်ကိုင်ခွင့်ပြုသည့်ကာလ -------------------------------------------
-----------------------------------------------------------------------------------------

(၇) လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ ---------------------------------------------------------
-----------------------------------------------------------------------------------------

(၈) လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးသည့်နေ့ရက် --------------------------------------------
-----------------------------------------------------------------------------------------

(၉) စည်းကမ်းချက်များ -

(က) မူလခွင့်ပြုမိန့်တွင် ပါရှိသည့် စည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) အခါအားလျော်စွာထုတ်ပြန်သည့် စည်းကမ်းချက်များကို လိုက်နာ ရမည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------

ပုံစံ(၁၂)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန်**

**လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ**

**(နည်းဥပဒေ ၂၃)**

လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်ကို ငြင်းပယ်လိုက်သည် -

(၁) လျှောက်ထားသူ၏အမည်၊-------------------------------------------------------------
--------------------------------------

(၂) နိုင်ငံသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် --------------------
------------------------------------------------------------------------------------------
---------------------------------------------------------------------------------

(၃) နေရပ်လိပ်စာ

(က) ပြည်တွင်း-----------------------------------------------------------------------
--------------------------------------------------------------------------------------

(ခ) ပြည်ပ ---------------------------------------------------------------------------
--------------------------------------------------------------------------------------

(၄) လျှောက်ထားသည့်ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်---------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

(၅) ငြင်းပယ်ရသည့်အကြောင်းအရင်း-----------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------

ပုံစံ(၁၃)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးပေးခြင်းမှတ်ပုံတင်**

**(နည်းဥပဒေ ၂၃)**

(၁) လုပ်ကိုင်ခွင့်ရသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် ------------------------------------------------
------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

(၃) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ---------------------------------------------------------
------------------------------------------------------------------------------------------

(၄) လျှပ်စစ်ဆိုင်ရာလုပ်ငန်းအမျိုးအစား -------------------------------------------------------
------------------------------------------------------------------------------------------

(၅) မူလလုပ်ကိုင်ခွင့်ပြုကာလ၊ အမိန့်အမှတ်နှင့်ရက်စွဲ ------------------------------------------
------------------------------------------------------------------------------------------

(၆) တိုးမြှင့်ခွင့်ပြုသည့်ကာလ၊ အမိန့်အမှတ်နှင့်ရက်စွဲ၊ ----------------------------------------
------------------------------------------------------------------------------------------

| တိုးမြှင့်ခွင့်ပြုသည့် | | | မှတ်ချက် |
|---|---|---|---|
| အမိန့်အမှတ် | စာအမှတ်နှင့် ရက်စွဲ | ကာလ | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ပုံစံ (၁၄)

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကိုပြန်လည်ရုပ်သိမ်းကြောင်း**

**အကြောင်းကြားစာ**

**(နည်းဥပဒေ ၂၄)**

ခွင့်ပြုမိန့်အမှတ်စဉ် -------------------------------------------အရ အောက်ပါ ပုဂ္ဂိုလ်/ အဖွဲ့အစည်းအား ထုတ်ပေးထားသည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းလိုက်သည် -

(၁) ရုပ်သိမ်းခြင်းခံရသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း ----------------------------------------------
------------------------------------------------------------------------------------------

(က) အမည် ----------------------------------------------------------------------

(ခ) မှတ်ပုံတင်အမှတ် ----------------------------------------------------------------

(ဂ) လိပ်စာ--------------------------------------------------------------------------

--------------------------------------------------------------------------------

(၂) ရုပ်သိမ်းခြင်းပြုသည့်နေ့စွဲ -----------------------------------------------------------

(၃) ရုပ်သိမ်းရသည့်အကြောင်းရင်း -------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ် ----------------------------

ရက်စွဲ ----------------------------